*Volume 2 / Issue 11 / November / 2009*

*Enjoy free reading from B.C.F*

# † *Newsletter* - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## Thanksgiving

(1 Thessalonians.5:18)

In everything give thanks…
Give thanks with a grateful heart.
Give thanks to The Almighty God.

The reasons I thank…
For His one and only begotten son… freedom and eternal life
For His loving… God's Children, families and friends
For His never ending grace…love, peace and joy
For His mercy…each new born day
For His provision…food, clothes and shelter
For His care… health, wealth and strength
For His guidance … fruitful and abundant
For His faithfulness… shield and rampart
For His hand print…all things and creatures

Now… in this Thanksgiving Day, we should thank…
Not only for thanksgiving table,
And but also for His goodness.

Let us come before Him …
With thanksgiving and shout aloud to the Holy God.
"God is good- all the time
All the time- God is good". Amen.

♠ *Smile*

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

## The Meaning of Thanksgiving

Tha Myat Htet

It is that time of year again; it is the month of November, the month of Thanksgiving.

When we think about thanksgiving, the first thing that we imagine in our minds is a roasted turkey. The truth is; the roasted turkey is only the tip of the iceberg. There is much more to Thanksgiving than roasted turkeys, mashed potatoes, cranberry sauce and pumpkin pies.

So, what is the true meaning of Thanksgiving then?

Some people will say that it is a time to be thankful for everything that they have, but they are forgetting something.

They are forgetting "Who" gave them everything that they have. They are forgetting "God".

When people are thankful, most of the time, they are thankful because they got what they wanted. People are so centered around what they want that they forget about the "little" things that God had given us. The fact that you are breathing, that you have a home to come back to, that you have food to eat, that you are loved by someone, that you have a job, these are all the things that God had given you.

Now, think about what you have just read.

Answer this to yourself and answer it truthfully.

Am I being thankful for everything God has given me or am I being thankful because I got what I wanted?

"Giving thanks always for all things unto God and the Father in the name of our Lord Jesus Christ." Ephesians 5:20

---

NOVEMBER SPECIAL EVENT

### * Thanksgiving Worship Service *

Thursday
November 26, 2009
2:00 pm

Calvary Community Church.
1555. E. Colorado Blvd.
Pasadena, CA91106

Please Come And Join

BCF will present
a short play

Nay Yar
နေရာ

Potluck Thanksgiving Dinner will serve.

# ကျေးဇူးတော်ကို ချီးမွမ်းခြင်း

ကျေးဇူးတော်ကိုချီးမွမ်းရာနေ့အချိန်အခါတွင်၊
ရှေးဦးစွာဘုရားရှင်၏ဘုန်းတန်ခိုးတော်၊နာမတော်နှင့်
ဂုဏ်တော်အပေါင်းကိုချီးမွမ်းလျှက် ပျတ်ဝပ်ကိုးကွယ်ပါ၏။
ဟာလေလုယ! အာမင်။

အမေရိကန်နိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင်လည်း၊
(The Day of Thanksgiving) ကျေးဇူးတော်ချီးမွမ်းရာနေ့နှင့်
ပတ်သက်၍၊ အကြောင်းရင်းခံ အများရှိခဲ့ပါသော်လည်း၊
အဓိကအကြောင်းမှာကား၊ဘုရားသခင်၏ထံတော်သို့
ကျေးဇူးတရားကိုသိသောသဘောနှင့် ပြန်လည်ကာ
ဆက်ကပ်ချီးမွမ်းထောမနာပြု ခြင်းပင်မဟုတ်ပါလား။

***ရေး။—ရီရီအေး***

အမေရိကန်နိုင်ငံသို့ ရှေးဦးလှည့်လည်ရောက်ရှိလာကြသည့် အနည်းငယ်မျှ လောက်သောလူစု (Pilgrims)များမှာ၊ မိမိတို့၏နေထိုင်စတည်းချရာဒေသ၌ စိုက်ပျိုးလုပ်ရာတွင်မိုးခေါင်သောကြောင့်စိတ်ပျက်နေခိုက်မှာ၊ မိုးကြီးရွာသွန်းလာ၍၊ စိုက်ပျိုးပင်များဖြစ်ထွန်းအောင်မြင်ကာ၊ရွှင်လန်းဝမ်းမြောက်စွာရိတ်သိမ်းနိုင်ပြီး၊ အထွက်နှုန်းကောင်းမွန်သည်။ ဆောင်းရာသီအတွက်ပင်သိုလှောင်ထားနိုင်သည့်အတွက်၊ ပျော်မဆုံးနိုင်ကြပေ။ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ ထိုသို့ပြုခြင်းသည် အဦးသီးသောအသီးအနှံကို၊ ဘောဇဉ်ပူဇော်သက္ကာ (The Grain Offering )အဖြစ် ထာဝရဘုရားအား ဆက်ကပ်ခြင်းဖြစ်၏။

ယခင်အချိန်က၊ ဒေသခံအမေရိကန်အင်ဒီးယန်းလူမျိုးများ(Native American Indians)သည် မိမိ၏စိုက်ပျိုးပင်များဖြစ်ထွန်းရန်အတွက်၊နတ်ဘုရားတပါးပါး(Spirits)က၊ကူညီမစလျှက်ရှိသည်ဟုယုံကြည်ကြပါသည်။ ထိုနတ်ဘုရားများကိုသာလျှင် ကိုးကွယ်ကြပါသည်။

နောက်ပိုင်းတွင်၊ (Thanksgiving Day) ကျေးဇူးတော်ချီးမွမ်းရာနေ့သို့ရောက်လျှင်၊ အမေရိကားတွင်စတင်အခြေချနေထိုင်ကြကုန်သောလူစု (Pilgrims) များမှ၊ ဒေသခံအမေရိကန်အင်ဒီးယန်းလူမျိုးများ (Native American Indians) ကိုဖိတ်ကြား၍၊ ကျေးဇူးတော်ချီးမွမ်းပွဲလုပ်ကာ အတူတကွစားသောက်ကြပါသည်။ပျော်ရွှင်စွာကစားကြသည်။အချင်းချင်းမိသဟာယဖွဲ့ကာ၊ ငြိမ်းချမ်းစွာနေထိုင်ကြောင်းကိုသမိုင်းအကိုးအကားများမှသိရှိရပါသည်။

သမ္မာကျမ်းစာတော်မြတ်ထဲမှ ဣဇာက်/Isaac အကြောင်းကိုသာကေပြလိုပါ၏။ဣဇာက်သည် အဘအာဗြဟံ သေဆုံးပြီးသောနောက်၊ ဗေရလဟဲရောမြို့မှာ နေထိုင်စဉ်အခါ ထိုပြည်၌ အစာ ခေါင်းပါးခြင်းဖြစ်၍၊ ဖိလိတ္တိမင်းကြီး အဘိမလက် နေရာ ဂေရာမြို့သို့သွား၏။ ထာဝရဘုရားသည်လည်း သူ့အား ထင်ရှား၍၊ "သင်သည် အဲဂုတ္တုပြည်သို့မသွားနှင့်၊ ငါပြောလတ့်သော ပြည်၌နေလော့။ယခုဤပြည်၌ တည်းခို၍နေလော့။ အာဗြဟံသည် ငါ့စကားကိုနားထောင်၍၊ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကို စောင့်ရှောက်၍ကောင်းကြီးပေးသည်နည်းတူ သင့်ဘက်မှာ ငါနေ၍ကောင်းကြီးပေးမည်။

သင်နှင့်သင်၏အမျိုးအနွယ်အားဤပြည်ရှိသမျှတို့ကိုငါပေးမည်။
သင်၏အဘအာဗြဟံအားငါကျိန်ဆိုသောစကားရှိသည်အတိုင်းငါပြုမည်။
သင်၏အမျိုးအနွယ်ကိုကောင်းကင်ကြယ်ကဲ့သို့များပြားစေမည်။
သင်၏အမျိုးအနွယ်အားလည်း၊ဤပြည်ရှိသမျှတို့ကိုငါပေးမည်။
သင်၏အမျိုးအနွယ်အားဖြင့်လည်း၊ လူမျိုးအပေါင်းတို့သည်ကောင်းကြီးမင်္ဂလာကိုခံရလိမ့်မည်"
ဟူ၍ ကောင်းကြီးပေးတော်မူ၏။

ထိုပြည်၌ ဣဇာက်သည် မျိုးစေ့ကိုကြဲ၍၊ တစ်နှစ်ခြင်းတွင် အဆတစ်ရာသော အသီးအနှံကို ရလေ၏။ ထာဝရဘုရားသည်လည်း၊ ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည်သိုးစုနွားစုများ၊ကျွန်များနှင့်ပြည့်စုံကြွယ်ဝကြီးပွါး၍၊ အလွန်စည်းစိမ်ကြီးသည် တိုင်အောင်တိုးတက်လျက်၊ စီးပွားဥစ္စာများပြားစွာဖြစ်၏။ ထိုကြောင့်၊ ဖိလိတ္တိလူတို့သည် သူ့ကိုငြူစူကြ၏။ အဘိမလက်မင်းကလည်း၊ သင်သည် ငါတို့ ထက်တန်ခိုးကြီး၏။ ငါတို့ထံမှ ထွက်သွားလော့ဟု၊ ဣဇာက်ကိုအမိန့်ရှိသောကြောင့်၊ ဣဇာက်သည် ထိုမြို့မှ ထွက်သွား ပြီးလျှင်၊ ဂေရာချိုင့်၌ တဲကို ဆောက်၍နေ၏။ ထိုအရပ်တွင်လည်း ရေတွင်းပြဿနာ ဖြစ်ပြန်သဖြင့်၊တဖန် ထိုအရပ် မှ ဗေရရှေဘအရပ်သို့ ပြောင်း၏။ ထိုနေ့ညမှာ ထာဝရဘုရားသည် ထင်ရှား၍၊ ငါသည်သင်၏ အဘ အာဗြဟံ၏ ဘုရားဖြစ်၏။ မစိုးရိမ်နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ ငါသည်ကောင်းကြီးပေးမည်။ ငါ၏ကျွန်အာဗြဟံအတွက်၊ သင်၏အမျိုးအနွယ်ကို ငါများပြား စေမည်ဟု မိန့်တော်မူပြန်၏။ ထိုအရပ်၌၊ ဣဇာက်သည် ယဇ်ပလ္လင်တည်၍၊ ထာဝရဘုရား၏ နာမတော်ကို ပဌနာပြု၏။

ထိုနောက်၊ ဣဇာက်ကို နှင်ထုတ်သော အဘိမလက်မင်းသည်၊ အဆွေတော် အဟုဇတ်နှင့် ဗိုလ်ချုပ်မင်းဖိကောလ တို့ကိုခေါ်၍၊ ဂေရာမြို့ မှ ဣဇာက်ရှိရာသို့ရောက်လာ၍၊ ဣဇာက်ကလည်း၊ သင်တို့သည် ငါ့ကို မြင်ပျင်း၍ နှင်ထုတ်ပြီးမှ၊ အဘယ်ကြောင့် လာကြသနည်းဟု မေးပြန်လျှင်၊—ထိုမင်းကြီးတို့က၊ "ထာဝရဘုရားသည် သင့်ဘက်မှာရှိတော်မူကြောင်းကို၊ ငါတို့အမှန်သိမြင် သည်ဖြစ်၍၊ ငါတို့သည် သင့်ကိုမထိမခိုက်၊ ကျေးဇူးကိုသာပြု၍၊ ငြိမ်ဝပ်စွာလွှတ်လိုက်သည်နည်းတူ၊ သင်သည် ငါတို့ကိုအပြစ် မပြုရဟု၊ ငါတို့တဘက်၊သင့်တဘက်၊နှစ်ဘက်သားတို့သည်၊သစ္စာဂတိထား၍မိဿဟာယဖွဲ့ကြစို့။ သင်သည် ထာဝရဘုရားကောင်းကြီးပေးတော်မူသောသူဖြစ်ပါ၏"ဟုဆိုကြ၏။ဣဇာက်သည်သူတို့အဘို့စားသောက်ပွဲကိုလုပ်၍၊ အတူစားသောက်ကြ၏။—ဆိုသည့်အကြောင်းကို(ကမ္ဘာဦးကျမ်း၊၂၆)တွင်တွေ့ရှိနိုင်ပါသည်။

ဆာလံဆရာကလည်း "ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲ တည်သောကြောင့်၊ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်းကြလော့။" သုတ္တံဆရာသည် "တအိမ်လုံးပြည့်သော ယဇ်ပူဇော်ပွဲကို ရန်တွေ့သောစိတ်နှင့်စားရသည်ထက်၊ ငြိမ်သက်ခြင်းနှင့် ယှဉ်သော မုန့်တလုပ်စာသည် သာ၍ ကောင်း၏။ " ဟုဆိုထားပါသည်။ ဤအချက်ကို ကျေးဇူးတော် ချီးမွမ်းတိုင်း ကျွန်ုပ်တို့၏နှလုံးသား ပလ္လင်ပေါ်မှာ ပြင်ဆင်ဖို့လိုအပ်ပါသည်။

ဣဇာက်အကြောင်းကို ဆင်ခြင်စဉ်းစားယင်း၊ အဘိမလက်မင်းကြီးနှင့် အဆွေတော်တို့သည် အာဗြဟံ၊ ဣဇာက်တို့၏ဘုရား၊ ထာဝရဘုရားသည် သူတို့ဘက်မှာရှိတော် မူကြောင်းနှင့်ကျေးဇူးပြုတော်မူကြောင်းကို အမှန်သိရှိသည် နည်းတူ ဒေသခံ အမေရိကန် အင်ဒီးယန်းလူမျိုးများ (Native American Indians)သည်လည်း Pilgrims တို့ထံမှ၊ ကြီးမြတ်တော်မူသော ဘုရားသခင် ထာဝရဘုရား၏ကောင်းမြတ်တော်မူကြောင်းကို သိရှိသွားကြပါသည်။

ကျွန်ုပ်တို့သည်လည်း ဘဝအသက်တာမှာ၊ ရေကြည်ရာ မြက်နုရာသို့ ရှာ၍၊ ရွှေ့ပြောင်းရမြဲ ဖြစ်ပါသည်။ဤသို့ဖြင့် ရောက်ရှိအခြေချသည့် နေရာတိုင်းတွင်၊ ဘုရားသခင်ထားသည့်အရပ်သည် သင့် အတွက် တိုးတက် ကြီးပွားပြီး၊ လုံခြုံ၍ ငြိမ်ဝပ်ခြင်း ရှိပါ၏။

ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ကျေးဇူးသိတတ်သောသဘောနှင့်ချစ်၍၊ ပြုသမျှကိုလက်ခံတော်မူ၏။။ လုပ်ဆောင်လေရာတိုင်း၌ ကိုယ်တော်ရှင်သည် ကောင်းကြီးပေးလျှက် ရှိသဖြင့်၊ စိုးရိမ်ခြင်း မရှိဘဲ၊ အရာရာတိုင်းမှာ ကောင်းမြတ်တော်မူသော ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းလျှက် ပဌနာပြုရန် ကျေးဇူးတော် ပုလ္လင်ရင်းသို့ တိုးဝင်ချင်းကပ်ကြပါစို့။ အာမင်။ ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~